# ပြဇာတ်နှင့်ဇာတ်သဘင်နယ်ပယ်မှ စာပေလေ့လာမှုအထောက်အကူပြုဝေါဟာရများ

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း


မမြတ်ထူးကြွယ်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၆ခုနှစ်၊ ဩဂုတ်လ

# ကျမ်းအကျဉ်းချုပ်

ကျမ်းတွင် အခန်းကြီး(၁၃)ခန်းပါဝင်ပါသည်။ အခန်း(၁)တွင် ပြဇာတ်နှင့် ဇာတ်သဘင်ဆိုင်ရာ ဝေါဟာရ အနက်ဖွင့်ဆိုချက်နှင့် သဘောသဘာဝများကို ပညာရှင်တို့၏အဆိုအမိန့်များနှင့်အညီ လေ့လာတင်ပြထားပါသည်။ အခန်း(၂)တွင် ဇာတ်လမ်းနှင့် ဇာတ်လမ်းနည်းစနစ်ဆိုင်ရာအခေါ်အဝေါ်များ၊ ဇာတ်သဘင်ပွဲထွက်အစီအစဉ်များကို စုစည်းလေ့လာထားသည်။ အခန်း(၃)တွင် သဘင်ပညာသည်တို့နှင့် သက်ဆိုင်သော အမည်နာမအခေါ်အဝေါ်များကို ခေတ်အဆက်ဆက်အသုံးအနှုန်းများနှင့် တိုက်ဆိုင်ပြီး လေ့လာတင်ပြထားသည်။ သို့သော် ယေဘုယျအခေါ်အဝေါ်ဖြစ်သည့် ဇာတ်ဆောင်ဆိုင်ရာဝေါဟာရများ ခေါင်းစဉ်ဖြင့်လေ့လာထားပြီး ရုပ်သေးသဘင်၏ဇာတ်ဆောင်များဖြစ်သော ရုပ်သေးရုပ်များဆိုင်ရာ အခေါ်အဝေါ်များကိုပါ ထည့်သွင်းဖော်ပြထားသည်။ အခန်း(၄)တွင် ဇာတ်ပို့ဆိုင်းနှင့် ပတ်သက်သည့် ရှေးသုံးအခေါ်အဝေါ်များ၊ ဆိုင်းအမျိုးအစား၊ ဆိုင်းအဆင့်အတန်း၊ ဆိုင်းဝိုင်းအဆင်အယင်၊ ဆိုင်းတီးနည်းတီးဟန်များ၊ ပတ်လုံးအခေါ်အဝေါ်များ၊ ပတ်လုံးပြုလုပ်ပုံအဆင့်ဆင့်၊ ပတ်လုံးပြုလုပ်ရာတွင် အသုံးပြုသောကိရိယာများနှင့် အထွေထွေဝေါဟာရများကို လေ့လာထားသည်။ အခန်း(၅)တွင် ဆိုင်းတူရိယာများ၊ ဆိုင်းတီးချက်တီးလက်များဆိုင်ရာဝေါဟာရများကို တင်ပြထားသည်။ အခန်း(၆)တွင် ပြဇာတ်နှင့်ဇာတ်သဘင်လာ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ဆိုင်းတီးလုံး၊ ဇာတ်ဝင်ပစ္စည်း၊ နောက်ခံကားတို့နှင့် ပတ်သက်သော ဇာတ်ညွှန်းအခေါ်အဝေါ်များကို လေ့လာထားသည်။ အခန်း(၇)တွင် ဇာတ်စကားဆိုင်ရာဝေါဟာရများဖြစ်သော အာလုပ်စကား၊ အချီအချစကား၊ ဆိုင်းဆင့်ပတ်တိုက်များ၊ ပတ်ညွှန်းများ၊ ဆိုင်းဆင့်နွှယ်ဝင်ဓားကြိမ်း၊ လုံ့ကြိမ်း၊ လေးကြိမ်း၊ နာရီချ၊ ကြာခြည်ချ စသည်တို့ကို လေ့လာထားသည်။ အခန်း(၈)တွင် ဇာတ်စင်ဝေါဟာရ၊ မြန်မာ့ဇာတ်စင်အစိတ်အပိုင်း၊ ရုပ်သေးစင် အစိတ်အပိုင်းနှင့် စည်းကမ်းဥပဒေများ၊ ကခွင်မီးဖန်တီးမှု၊ ဖန်တီးမှုပစ္စည်းများ၊ နောက်ခံကားအသုံးပြုပုံ၊ ဇာတ်ရုံဝေါဟာရ၊ ရှေးမြန်မာမင်းများလက်ထက် ဇာတ်ရုံအသုံးပြုပုံနှင့်အခေါ်အဝေါ်များကို လေ့လာထားသည်။ အခန်း(၉)တွင် ပြဇာတ်နှင့်ဇာတ်သဘင်၌ အများဆုံးအသုံးပြုထားသော မဟာဂီတနှင့် သံဆန်းများ၊ တေးကဗျာများ၊ ငိုချင်း၊ နတ်ချင်းနှင့် ဇာတ်ချင်းဝေါဟာရအထွေထွေတို့ကို လေ့လာထားသည်။ အခန်း(၁၀)တွင် ပြင်ပပုဂ္ဂိုလ်တို့ ရုတ်တရက် နားမလည်နိုင်ဘဲ ဇာတ်သဘင်သည် အချင်းချင်းသာ သုံးနှုန်းပြောဆိုလေ့ရှိကြသည့် ဇာတ်ဗန်းစကားများကို လေ့လာထားသည်။ အခန်း(၁၁)တွင် ဇာတ်သဘင်လုပ်ငန်းဆိုင်ရာဝေါဟာရများကိုလည်းကောင်း၊ အခန်း(၁၂)တွင် ဇာတ်ရုပ်သေးတို့မှ လူမှုနယ်ပယ်ထဲသို့ရောက်ရှိပြီး အသုံးတွင်နေသောဝေါဟာရများကိုလည်းကောင်း၊ အခန်း(၁၃)တွင် ပြဇာတ်စာပေ(ဝါ)ပြဇာတ်စာအုပ်များထဲမှ စာပေလေ့လာမှုကို အထောက်အကူပြုနိုင်မည်ဟုယူဆသော ဝေါဟာရများကိုလည်းကောင်း ကောက်နုတ်လေ့လာတင်ပြထားပါသည်။